# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 19, 2020 Volume 36, Number 13


**၁၉.၁၀.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၁၄၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၁၉/- ကျပ် |
| CBM Rate | = ၁၂၉၃.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၈.၆ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၅၃.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၆၈၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၈၄၅၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၃.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၇. ၆၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၅၅ ကျပ် |
| မလေးရှားရင်းဂစ် | =၃၁၂.၃၅ ကျပ် |
| ၂ ထိုင်းဘတ်တစ်ဘတ် | =၄၁.၄၇၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသန်း ၄၃၀ ကျော်လျော့ကျ



၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဝင်ငွေဒေါ်လာ ၃ ဒသမ ၅ ဘီလျံနီးပါး ရရှိထားပြီး ယခင်နှစ်ကာတူထက် ဒေါ်လာသန်း ၄၃၀ ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ သဘာဝဓာတ်ငွေ့တင်ပို့မှုမှ ဒေါ်လာ ၃ ဒသမ ၄၉၁ ဘီလျံရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၃ ဒသမ ၉၂၄ ဘီလျံရရှိထားသည်။ "၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာက သဘာဝဓာတ်ငွေ့တင်ပို့မှုကနေ ဝင်ငွေဒေါ်လာ ၃၄၉၁ ဒသမ ၈၁၉ သန်း (ဒေါ်လာ ၃ ဒသမ ၄၉၁ ဘီလျံ) ရရှိထားတယ်။ ပြီးခဲ့တဲ့ နှစ်ကာလတူထက် ဒေါ်လာ ၄၃၃ ဒသမ ၁၀၁ သန်း ဝင်ငွေလျော့ကျတယ်။ သဘာဝဓာတ်ငွေ့က နယ်စပ်ကနေပဲ တင်ပို့နေတာ" ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။

ပြီးခဲ့သည့်သုံးနှစ်အတွင်း သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်ယူ သုံးစွဲမှုအနေဖြင့် ကီလိုဝပ်နာရီ သန်းပေါင်း ၂၄၄၀၃ ဒသမ ၃၄ ရှိပြီး လက်ရှိဘဏ္ဍာနှစ် ခြောက်လအတွင်း ကီလိုဝပ်နာရီသန်းပေါင်း ၅၅၂၀ ဒသမ ၆၈ အထိ ထုတ်ယူထားကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကိုကိုးကားပြီး ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ထားသည်။

ဘဏ္ဍာနှစ်အလိုက် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်ယူမှုအနေဖြင့် ၂၀၁၆၊၂၀၁၇ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီ သန်းပေါင်း ၇၅၇၇ ဒသမ ၅၆၊၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၇၄၅၉ ဒသမ ၂၂၊၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၉၃၆၆ ဒသမ ၅၆ ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူမှုတွင် ရေအား၊ သဘာဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင် အသုံးပြုထုတ်လုပ်နေခြင်းဖြစ်ကြောင်းသိရသည်။ သဘာဝဓာတ်ငွေ့ကို ကဏ္ဍအလိုက် သုံးစွဲမှုအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ၈၅ ဒသမ ၉ ရာခိုင်နှုန်းဖြင့် အများဆုံးသုံးစွဲလျက်ရှိပြီး ဓာတ်မြေဩဇာထုတ်လုပ်ရေးအတွက် လေးရာခိုင်နှုန်း သုံးစွဲလျက်ရှိကြောင်း သိရသည်။

ကဏ္ဍအလိုက် သဘာဝဓာတ်ငွေ့သုံးစွဲမှုအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် ၈၅ ဒသမ ၉ ရာခိုင်နှုန်း၊ CNG ထုတ်လုပ်ရေးအတွက် ၅ ဒသမ ၃ ရာခိုင်နှုန်း ၊ ဓာတ်မြေဩဇာထုတ်လုပ်ရေးအတွက် လေးရာခိုင်နှုန်း၊ ရေနံဓာတ်ငွေ့ရည် (LPG) အတွက် ဝ ဒသမ ၆ ရာခိုင်နှုန်း၊ စက်ရုံအလုပ်ရုံများအတွက် ဝ ဒသမ ၆ ရာခိုင်နှုန်း၊ ရေနံချက်ဖိုလုပ်ငန်းအတွက် ဝ ဒသမ ၆ ရာခိုင်နှုန်းနှင့် အခြားလုပ်ငန်းများအတွက် ၃ ဒသမ ၄ ရာခိုင်နှုန်း သုံးစွဲလျက်ရှိကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအနေဖြင့် ကုဗပေ ၆၇၀၃၆၂ သန်းထုတ်လုပ်ထားပြီး လေးနှစ်အတွင်း အများဆုံးထုတ်လုပ်ထားခြင်းဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှသိရသည်။ နှစ်အလိုက် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း ၆၇၀၀၀၈ သန်း၊ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း ၆၆၇၅၈၃ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း ၆၂၇၀၀၇ သန်းနှင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ကုဗပေသန်း ၆၇၀၃၆၂ သန်း ထုတ်လုပ်ထားနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းလေးခုမှ ဝင်ငွေအဓိကရရှိနေသော ကမ်းလွန်သဘာဝဓာတ်ငွေ့ စီမံကိန်းလေးခုမှထုတ်လုပ်မည့် ကုဗပေသန်းပေါင်း ပမာဏ ၆၂၉၀၀၀ ကျော်၊ ကုန်းတွင်းရေနံမြေများမှ ထုတ်လုပ်မည့်ပမာဏ ကုဗပေသန်းပေါင်း ၁၇၃၀၀ ကျော်ဖြင့် စုစုပေါင်း ထုတ်လုပ်မှုပမာဏ ကုဗပေသန်းပေါင်း ၆၄၇၀၀၀ ထုတ်လုပ်ရန်ခန့်မှန်းထားကြောင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေစာရင်းအရ သိရသည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၏ မူလခန့်မှန်းခြေစာရင်းနှင့် နှိုင်းယှဉ်ပါက ထုတ်လုပ်မှုပမာဏ ကုဗပေသန်းပေါင်း ၂၅၀၀၀ ကျော် လျော့နည်းနေကြောင်း သိရသည်။ ထုတ်လုပ်မှုပမာဏလျော့နည်းရခြင်းမှာ ရဲတံခွန်စီမံကိန်းအနေဖြင့် Post Plateau Period သို့ ရောက်ရှိချိန်ဖြစ်သောကြောင့် အဆင့်ဆင့်ထုတ်လုပ်မှု ကျဆင်းခြင်း၊ ကုန်းတွင်းသဘာဝဓာတ်ငွေ့ ထုတ်လုပ်မှု ကျဆင်းရခြင်းမှာ သဘာဝဓာတ်ငွေ့သုံးစွဲမှု သက်တမ်းကြာမြင့်လာခြင်းတို့ကြောင့် ဖြစ်သည်။

**Source:** https://news-eleven.com/article/195720

## COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် အစိုးရအနေဖြင့် ကျပ်ဘီလျံ ၄၀၀၀ အသုံးပြုခဲ့ပြီး ယင်းသည် GDP ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကျပ်ဘီလျံ ၄၀၀၀ အသုံးပြုခဲ့ကြောင်းနှင့် ယင်းသည် GDP ၏ ၃ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြား သည်။

AustCham Myanmar က စီစဉ်ကျင်းပသည့် Election 2020: Key Issues for Business Webinar ကို အောက်တိုဘာ ၁၆ ရက်က ကျင်းပခဲ့ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ပြောကြားခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် COVID-19 ကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ကုစားခြင်းနှင့် ရေရှည်အစီအမံများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ငြိမ်းချမ်းရေးနှင့် ရွေးကောက်ပွဲ၏ အခန်းကဏ္ဍတို့ကို အဓိကထားဆွေးနွေးခဲ့ကြောင်းသိရသည်။

COVID-19 ကြောင့်ဖြစ်ပေါ်လျက်ရှိသည့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများအတွက် ဒုတိယအကြိမ်ချေးငွေ ထုတ်ပေးရာတွင် ကျပ်ဘီလျံ ၁၀၀ ကို ပထမအရစ်ကျပ် ၃၅ ဘီလျံ၊ ဒုတိယအရစ်ကျပ် ၃၅ ဘီလျံနှင့် တတိယအရစ် ကျပ်ဘီလျံ ၃၀ ကို အစီအစဉ်အတိုင်း ခွဲဝေအသုံးပြုမည်ဖြစ်ကြောင်း COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများ အပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကဆိုသည်။ ဒုတိယအကြိမ်ချေးငွေ ထုတ်ပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်း ထုတ်လုပ်သည့် လုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ သွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်သည့်ကုန် ထုတ်လုပ်ငန်းများ၊ ပြည်တွင်းထုတ်လုပ်မှုမှ ပြည်ပတင်ပို့သည်အထိ ထုတ်လုပ်မှု

ကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ဆောင်ရွက်သည့်လုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်သည့် ကုန်ထုတ်လုပ်ငန်းများ၊ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့ ထုတ်ပေးရေး ဆောင်ရွက်ပေးသွားရန်နှင့် ချေးငွေထုတ်ပေးမှုများ မြန်ဆန်သွက်လက်စေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးမှုအပြင် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့်လည်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

ဒုတိယအကြိမ် COVID-19 ချေးငွေ ကျပ်ဘီလျံ ၁ဝဝ အနက်မှ ထိခိုက်မှုရှိခဲ့သည့် စီးပွားရေးလုပ်ငန်း ၁၂ဝဝ ခုသို့ ကျပ် ၂၁ ဒသမ ၁၂၂ ဘီလျံကို ချေးငွေထုတ်ယူခွင့်ပြုလိုက်သည်။ ပထမအကြိမ် COVID-19 ချေးငွေအစီအစဉ်အရ လုပ်ငန်းပေါင်း ၃၃၉၃ ခုသို့ ငွေကျပ် ၁ဝ၁ ဒသမ ၁၂၈ ဘီလျံထုတ်ပေးရန် စိစစ်ခွင့်ပြုခဲ့သည့်အနက် လုပ်ငန်း ၃၂၃၉ ခု သို့ ငွေကျပ် ၉၇ ဒသမ ဝ၅ဝ ဘီလျံ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍ ကျန်ရှိသည့်လုပ်ငန်း ၁၅၄ ခုသို့ ချေးငွေကျပ် ၄ ဒသမ ဝ၇၈ ဘီလျံဆက်လက် ထုတ်ပေးရေး မြန်မာ့စီးပွားရေးဘဏ်က ဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

လက်ရှိအချိန်အထိ ကဏ္ဍတစ်ခုချင်းအလိုက် ချေးငွေထုတ်ပေးနိုင်မှုအခြေအနေမှာ စိုက်ပျိုးရေးကဏ္ဍလုပ်ငန်း ၄၁ ခု ငွေကျပ်သန်း ၁ဝ၁ဝ၊ မွေးမြူရေးကဏ္ဍလုပ်ငန်း ၁၈၂ ခုငွေကျပ် ၂၉၅၇ သန်း၊ ရေလုပ်ငန်းကဏ္ဍ လုပ်ငန်း ၉၃ ခု ငွေကျပ် ၂၂၁၈ သန်း၊ ပို့ကုန်လုပ်ငန်းကဏ္ဍ လုပ်ငန်း ၄၂ ခု ငွေကျပ်သန်း ၁၇၇ဝ၊ သွင်းကုန်အစားထိုးကဏ္ဍလုပ်ငန်း ၁၅၃ ခုငွေကျပ် ၃၄၃၂ သန်း၊ Supply Chain လုပ်ငန်း ၄၉ ခု ငွေကျပ် ၁၂၅၇ သန်း၊ စားသောက်ကုန်ကဏ္ဍလုပ်ငန်း ၁၅၇ဝ ခု ငွေကျပ်သန်း ၂၇၅၆ဝ၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း ၇ဝ ငွေကျပ်သန်း ၈၇ဝ၊ အသက်မွေးပညာသင်လုပ်ငန်းများ လုပ်ငန်း ၄၁ ခု ငွေကျပ် ၈၅၂ သန်း၊ စုစုပေါင်းလုပ်ငန်း ၂၂၄၁ ခု ငွေကျပ် ၄၁၈၉၉ သန်းအထိ ထုတ်ချေးပေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/195721

## ကိုဗစ်ကာလ အခက်အခဲများကြောင့် စစ်ကိုင်းတိုင်းတွင် ဖရဲ၊ သခွားမွှေးစိုက်ပျိုးမှု လျော့နည်းနိုင်

ကိုဗစ်ကာလအခက်အခဲများကြောင့် စစ်ကိုင်းတိုင်းအတွင်း ဖရဲ၊ သခွားမွှေးစိုက်ပျိုးမှု ယခင်နှစ်ထက် ထက်ဝက်ကျော် လျော့နည်းနိုင်ကြောင်း စစ်ကိုင်းတိုင်း ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။ “အခု သစ်သီးကားတွေ သွားလမ်း၊ လာလမ်းကလည်း မလွယ်ကူတာကြောင့် လက်ရှိစိုက်တဲ့သူတွေတောင် သောကများနေတာ၊ နောက်ထပ်စိုက်မယ့်သူတွေက လက်တွန့်နေကြပြီ။ ပြီးခဲ့တဲ့နှစ်က ဈေးကွက်အနေအထားရော၊ တောင်သူတွေ အရှုံးနဲ့ရင်ဆိုင်ခဲ့ရတာရောကြောင့် မြေငှားစိုက်မယ့်သူမရှိတော့ဘူး။ အချို့မြေငှားစိုက်တဲ့သူတွေလည်း ကိုဗစ်ကြောင့် ကျေးရွာတွေက တားဆီးတာတွေရှိတော့ မစိုက်နိုင်တော့ဘူး” ဟု ဦးစိုးလွင်ကပြောသည်။

စစ်ကိုင်းတိုင်းအတွင်း ဆောင်းရာသီစိုက်ပျိုးချိန်တွင် ယခင်နှစ်က ဖရဲစိုက်ဧက ရှစ်သောင်းကျော်ရှိခဲ့ရာမှ ယခုနှစ် တွင် စိုက်ဧက လေးသောင်းခန့်သာ စိုက်ပျိုးမည်ဖြစ်ပြီး ယခင်နှစ်က သခွားမွှေးစိုက်ဧကသုံးသောင်းခန့်ရှိခဲ့ရာမှ ယခုနှစ်တွင် ဧကတစ်သောင်းကျော်သာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။ ချောင်းဦးမြို့နယ် မင်းတည်ကျေးရွာဒေသခံ တောင်သူတစ်ဦးက “ဒီနှစ် ဈေးကွက်အခြေအနေအရ ဖရဲ၊သခွားမွှေး အစား ဈေးကွက်သေချာတဲ့ ဂျုံ၊ ကုလားပဲ ပြန်စိုက်ကြမယ်။ တောင်သူကြီးတွေနဲ့ သစ်သီးပွဲစားအချို့ ကတော့ ဖရဲ၊ သခွားမွှေးစိုက်တဲ့သူ လူနည်းစုတော့ရှိတယ်” ဟုပြောသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရေဦးမြို့နယ် ပင်စိမ်းကင်းကျေးရွာအနီး ဖရဲစိုက်ဧက ၁ဝဝ ကျော်နှင့် ခင်ဦးမြို့နယ် မုံလှ ကျေးရွာအနီး ဖရဲစိုက်ဧက ၇ဝ ကျော်တွင် အနယ်နယ်အရပ် ရပ်မှ လယ်ယာလုပ်သားများ လာရောက်လုပ်ကိုင်သဖြင့် COVID -19 ရောဂါကာကွယ်ရန် သက်ဆိုင်ရာက တားမြစ်မှုများရှိခဲ့ကြောင်း ဦးစိုးလွင်ကပြောသည်။

**Source:** https://7day.news/detail?id=202457

## တရုတ်သို့ တရားဝင်ပြောင်းဖူးစေ့တင်ပို့ရန် နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများညှိနှိုင်းနေ

ပြည်ပသို့ တစ်နှစ်လျှင် တန်ချိန်နှစ်သန်းကျော် တင်ပို့နေသော ပြောင်းဖူးစေ့ကို တရုတ်နိုင်ငံသို့ ဈေးကွက်ချဲ့ထွင်ပြီး တရားဝင် တင်ပို့ရောင်းချနိုင်ရန် နှစ်နိုင်ငံအစိုးရဌာနများအကြား ညှိနှိုင်းမှုများလုပ်ဆောင်နေသည်ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်း အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်ကပြောသည်။ ယခုနှစ်တွင် အခွန်သက်သာခွင့်ကြောင့် ထိုင်းနိုင်ငံသို့ ပြောင်းတန်ချိန် တစ်သန်းခွဲကျော်

တင်ပို့နိုင်သော်လည်း တရုတ် ဈေးကွက်က အရေးကြီးကြောင်း ၎င်းကဆိုသည်။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အဓိကစိုက်ပျိုးခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးဖြင့် မူဆယ်မှတစ်ဆင့် တရုတ်ဈေးကွက် သို့ ရောင်းချနိုင်မည်ဆိုလျှင် တောင်သူများအကျိုးအမြတ်ပိုရနိုင်မည်ဟုလည်း ဦးမင်းခိုင်ကဆိုသည်။ ''တရုတ်ဈေးကွက်သာရရင် တောင်သူတွေ သယ်ယူပို့ဆောင် စရိတ်သက်သာပြီး အကျိုးအမြတ် ပိုရတာပေါ့'' ဟု ဦးမင်းခိုင်ကပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းမှ တရုတ်ဈေးကွက်သို့ ပြောင်းဖူးစေ့တင်ပို့လျှင် သယ်ယူပို့ဆောင် စရိတ် တစ်ပိဿာလျှင် ကျပ် ၃၀ ဝန်းကျင်သာရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရန်ကုန်နှင့်ထိုင်း-မြန်မာနယ်စပ်သို့ ပို့ဆောင်မည်ဆိုလျှင် ပြောင်းဖူးစေ့တစ်ပိဿာလျှင် သယ်ယူပို့ဆောင် စရိတ် ကျပ် ၁၂၀ အနည်းဆုံးကုန်ကျသည်။ ထို့ကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်း ပြောင်းစိုက်တောင်သူများက သယ်ယူပို့ဆောင် စရိတ်ပိုသက်သာသည့် တရုတ်နိုင်ငံသို့သာ တင်ပို့ရောင်းချလိုကြောင်း မူဆယ် ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင် အသင်းဝင်တစ်ဦးက ပြောသည်။ သို့သော် တရုတ်အစိုးရက ပြီးခဲ့သည့်နှစ်က စတင်ပြီး မြန်မာနိုင်ငံမှ တရားမဝင် ပြောင်းဖူးစေ့ တင်ပို့မှုများကို တင်းတင်းကျပ်ကျပ် ဖမ်းဆီးစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ထို့ ကြောင့် လက်ရှိတွင် တရုတ်နိုင်ငံ သို့ ပြောင်းဖူးစေ့တင်ပို့မှု ရပ်ဆိုင်း နေသည်။

တရုတ်ဈေးကွက်သို့ ပြောင်းဖူးစေ့တင်ပို့နိုင်ရေးက တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၊ သွင်းကုန်နှင့်ပို့ကုန်အစားအစာ ဘေးကင်းလုံခြုံရေးဗျူရို (GACC) အသိအမှတ်ပြုလက်မှတ်လိုအပ်နေသည်။ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်ပစ္စည်းလုပ်ငန်းများအနေဖြင့် အစားအစာဘေးကင်း လုံခြုံစိတ်ချရမှုစနစ်ထူထောင်ရန် တရုတ်နိုင်ငံဘက်က အကြောင်းကြားထားသည်။ ထို့ကြောင့် နှစ်နိုင်ငံအစိုးရနှင့် နှစ်နိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင် အသင်းအဖွဲ့များညှိနှိုင်းပြီး လာမည့်ရာသီများတွင် တရုတ်ဈေးကွက်သို့ ပြောင်းဖူးစေ့တင်ပို့နိုင်ရန် လုပ်ဆောင်နေသည်ဟု ဦးမင်းခိုင်ကပြောသည်။

**Source: https://7day.news/detail?id=202481**

## ကိုဗစ်ကာလဖြစ်သော်လည်း မက္ကဒေးမီးယားကို တရုတ်နှင့်ထိုင်းတို့ ဆက်တိုက်ဝယ်ယူနေ




ကိုဗစ်ကာလကြောင့် သီးနှံအများစု ရောင်းချရမှုခက်ခဲနေသော်လည်း မက္ကဒေးမီးယား ( Macadamia ) ကို တရုတ်နှင့် ထိုင်းနိုင်ငံတို့က ဆက်တိုက်ဝယ်ယူနေသဖြင့် ရောင်းချရေး အဆင်ပြေကြောင်း စိုက်ပျိုးသူများထံကသိရသည်။ "တရုတ်နဲ့ ထိုင်းနိုင်ငံက လုဝယ်နေကြတယ်။ ဈေးကွက်ပေါ်မှာလည်း အပြေးအလွှားချိတ်နေရတာ၊ အသင်းအဖွဲ့တွေရဲ့ လူကြီးတွေကို ပြည်ပနိုင်ငံတွေက ဝယ်ယူလိုသူတွေက လိုက်ချိတ်ဝယ်ယူနေကြရတာရှိတယ်။ အခြေအနေကောင်းတယ်။ ဝယ်လိုအားကောင်းတယ်"ဟု ပြင်ဦးလွင်ခရိုင်မှ မက္ကဒေမီးယားစိုက်ပျိုးသူ ကိုမင်းသူကပြောသည်။

မက္ကဒေးမီးယားအပင်မှာ နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး စိုက်ပျိုးရာတွင် ရာသီဥတုနှင့် မြေကိုက်ညီမှသာ ဖြစ်ထွန်းခြင်း၊ စရိတ်ကြီးမြင့်ခြင်းတို့ကြောင့် ပြည်တွင်းစိုက်ပျိုးမှုနည်းပါးကြောင်း၊ ပြည်ပဝယ်လိုအားကို ပြည့်မီအောင် မရောင်းပေးနိုင်သေးကြောင်းသိရသည်။ "စိုက်တဲ့နေရာမှာ စနစ်ပါတယ်။ နေရာရွေးတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၇၀၀ အထက်မှာပဲ စိုက်လို့ရတယ်၊ ပျိုးပင်တွေကလည်းဈေးကြီးတယ်။ အရည်အသွေးကောင်းတဲ့ ကိုင်းဆက်မျိုးတွေဆိုရင် တစ်ပင်ကို ကျပ်ခြောက်ထောင်အထက်မှာရှိတယ်"ဟု သီးနှံစိုက်ပျိုးရေးဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ ကိုကျော်မျိုးထွန်း ကပြောသည်။

မက္ကဒေးမီးယားပျိုးပင်မှာ တစ်ပင်လျှင် ၅၅၀၀ကျပ်ရှိပြီး ကိုင်းဆက်ပင်မှာ တစ်ပင်လျှင် ၆၅၀၀ကျပ်ရှိကြောင်း၊ တစ်ဧကလျှင် အပင်ပေါင်း ၁၃၆ပင်အထိ စိုက်ပျိုးနိုင်ကြောင်း၊ စိုက်ပျိုးပြီး သုံးနှစ်ကြာလျှင် အသီးစတင်ရောင်းချနိုင်ပြီး နှစ်ရှည်ရောင်းချနိုင်သော သီးနှံအမျိုးအစားဖြစ်ကြောင်းသိရသည်။ "မက္ကဒေမီးယားအသီးက အခွံမာသီးဖြစ်တယ်။ တစ်ကီလိုကို ခြောက်ထောင်ကျော်လောက်အထိ ဈေးနှုန်းရှိတယ်။ တစ်တန်ကို သိန်းခြောက်ဆယ်လောက်အထိဈေးရတယ်။ တစ်နှစ်မှာ တစ်ခါပဲသီးတာဖြစ်ပေမယ့် ရတဲ့ဈေးနှုန်းက တောင်သူတွေအတွက် အဆင်ပြေတယ်"ဟု ကိုမင်းသူကပြောသည်။ လက်ရှိတွင် ပြင်ဦးလွင်နှင့် နောင်ချိုတို့တွင် အများဆုံးစိုက်ပျိုး လျက်ရှိပြီး တရုတ်နိုင်ငံ မှ တင်သွင်းသော မျိုးနှင့် ပြည်တွင်းတွင် ကိုင်းဆက်ပျိုးပင်များအဖြစ်

ဈေးကွက်အတွင်းရောင်းချလျက်ရှိပြီး လက်ရှိ အချိန်အထိ လုပ်ငန်းရှင်များနှင့် ငွေကြေးတတ်နိုင်သော တောင်သူကြီးများသာ ကောများများစိုက်ပျိုးနိုင်ကြောင်း ၊ တောင်သူငယ်များမှာမူ စိုက်ပျိုးစရိတ်၊ ထိန်းသိမ်းစရိတ် မတတ်နိုင်သဖြင့် စိုက်ပျိုးနိုင်မှု နည်းပါးကြောင်းသိရသည်။

မက္ကဒေးမီးယားအသီးမှာ အခွံမာသီးဖြစ်ကာ အသီးအတွင်းမှ အစေ့ကိုစားသုံးရခြင်းဖြစ်ပြီး ယိုမျိုးစုံ၊ ကိတ်မုန့် ၄င်း အခြားထုတ်ကုန်များတွင် အသုံးပြုမှုကြောင်း၊ ရှမ်းပြည်နယ်နောင်ချိုမြို့နယ်တွင် အစိုးရစီမံကိန်းသီးနှံအဖြစ် လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**Source:** http://htwettoe.com/article-details/news/10475383

## တရုတ်နိုင်ငံသို့ သကြားအရည်ဖျော်၍တင်ပို့မှု တစ်လလျှင် တန်ချိန် ၃၀၀၀ ခန့်ရှိနေ



တရုတ်နိုင်ငံသို့ သကြားအရည်ဖျော်၍ တင်ပို့မှု တစ်လလျှင် တန်ချိန် ၃၀၀၀ ခန့်ရှိနေကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေး၏ ပြောဆိုချက်အရ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၉ ခုနှစ်မှစပြီး တရုတ်နိုင်ငံမှသကြားကို လျှော့ချ ယ်ယူလိုက်သည့်နောက်ပိုင်းတွင် သကြားကိုအရည်ဖျော်၍ တင်ပို့ခွင့်ကို လိုင်စင်လျှောက်ထားခွင့်ပြုခဲ့သည်။ သကြားကို တင်လဲရည်အဖြစ်ပြောင်းပြီးတင်ပို့တာ ပုံးအပြာရောင်နဲ့ တစ်ပီပါကို ယွမ် ၁၃၀ ဝန်းကျင်ရတယ်။ တင်လဲရည် အဖြစ်ပြောင်းလဲဖို့ အပူပေးထားတဲ့အရည်က ရက်ကြာလာရင် အေးခဲသွားတာမျိုးပါ။ ဒီလိုဆိုရင် ပြန်အပူပေးရတဲ့ အခက်အခဲရှိတယ်။ လိုင်စင်ကိုတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ လျှောက်တာမြန်ပါတယ်ဟု မူဆယ်နယ်စပ်ရှိ လုပ်ငန်းရှင်တစ်ဦးပြောသည်။ လက်ရှိတွင် တင်လဲရည်အဖြစ် တင်ပို့ရန်အတွက် အပူပေးရမည့်စက်ရုံလိုအပ်ခြင်း၊ ပုံမှန်မတင်ပို့နိုင်ဘဲ ကြန့်ကြာနေပါက အေးခဲသွားခြင်း၊ ဈေးနှုန်းမမှန်ကန်ဘဲ ပြောင်းလဲနေခြင်း၊ တစ်ခါတစ်ရံ အမှာမရှိသည့်အခါ လက်ဝယ်တွင် သောင်တင်နေခြင်းစသည့်အခက်အခဲများကြောင့် လုပ်ငန်းရှင်များက လုပ်ငန်းလုပ်ကိုင်ရန် တွင်ကျယ်မှုမရှိဖြစ်နေကြောင်းသိရသည်။

မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းက ပြည်တွင်းသကြားဈေး သတ်မှတ်မှု၊ ပြည်ပတင်ပို့မှုနှင့် ကြံတစ်တန်ဈေးသတ်မှတ်ရာတွင် အထောက်အကူပြုစေရန်အတွက် ပြည်တွင်းသို့တင်သွင်းလာသော သကြားနှင့် ပြည်ပသို့တင်ပို့ခဲ့သော သကြားတန်ချိန်ပမာဏကိုသိရှိစေရန် ကုန်သွယ်ရေးဦးစီးဌာနထံ စာပို့မေးမြန်းခဲ့ကြောင်း၊ ထိုစာညွှန်းအရ ကုန်သွယ်ရေးဦးစီးဌာန၏ စာရင်းများအရ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့တင်ပို့ခဲ့သော သကြားတန်ချိန် ၁၇၇၀၄၂ တန်ခန့်ရှိပြီး ပြည်တွင်းသို့ defined sugar တန်ချိန် ၅၇၆၆၅ တန်ခန့်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/3147

## ရန်ကုန်တိုင်းအတွင်း ကိုရီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ သံ၊ အလူမီနီယံအခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်း လုပ်ကိုင်မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုရီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ တို့မှ သံ၊ အလူမီနီယံနှင့် Galvanize အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှသိရသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၆/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်က Video




Conferencing စနစ်ဖြင့် ကျင်းပစဉ် အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် ဗီယက်နမ်၊ ကိုရီးယား၊ တရုတ်နိုင်ငံတို့မှ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသုံးခုကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ အတည်ပြု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏ စုစုပေါင်းမှာ ဒေါ်လာ ၆ ဒသမ ၉၀၄ သန်းဖြစ်ပြီး လုပ်ငန်းစုစုပေါင်းသုံးခုမှ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်း ၂၂၇၉ ဦးအတွက် ဖန်တီးနိုင်မည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအရ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၈ ဒသမ ၅ ဘီလျံရရှိရန်လျာထားသော်လည်း COVID-19 ကပ်ရောဂါဖြစ်ပွားမှုကြောင့် ယင်းလျာထားချက်များကို ပြန်လည် သုံးသပ်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ “၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ဒေါ်လာ ၈ ဒသမ ၅ ဘီလျံ လျာထားပါတယ်။ ဒီဟာကိုလည်း ခုနကပြောပြတဲ့ အထဲမှာပါတဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး ကော်မတီရဲ့ အစည်းအဝေးကနေ လာမယ့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွက် ကြိုပြီးတော့မှ သုံးသပ်ဖို့အတွက် ပြင်ဆင်နေပါတယ်။ ကမ္ဘာလုံးဆိုင်ရာဖြစ်ပွားနေတဲ့ အခြေအနေအရ COVID-19 နောက်ပိုင်းမှာဆို ကျွန်တော်တို့ ဘယ်လောက်ရရှိနိုင်မလဲဆိုတာကို ပြန်လည်သုံးသပ်ဖို့အတွက် ပြန်လည်ပြင်ဆင်နေပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။

COVID-19 ကြောင့် အသွားအလာ ကန့်သတ်ထားသဖြင့် အချို့လုပ်ငန်းများ ဝင်ရောက်ရန်ရှိသော်လည်း ခွင့်ပြုမပေးနိုင်ခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လျာထားချက် ပြည့်မီခြင်းမရှိဘဲ လျော့ကျခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅ ဒသမ ၈ ဘီလျံရရှိရန် လျာထားခဲ့သော်လည်း ဒေါ်လာ ၅ ဒသမ ၆၈ ဘီလျံသာ ဝင်ရောက်ခဲ့ကြောင်းသိရသည်။ “COVID-19 ဖြစ်ပွားနေတဲ့ အခြေအနေအရ ရင်းနှီးမြှုပ်နှံသူများက သွားရလာရကန့်သတ်ချက်ရှိခြင်း၊ သက်ဆိုင်ရာနယ်မြေဆင်းပြီးတော့မှ လုပ်ဆောင်ရာမှာ ကန့်သတ်ချက်ရှိခြင်း ထို့အတူပဲ ရန်ကုန်နဲ့နေပြည်တော် များသောအားဖြင့် နေပြည်တော်မှာ အစိုးရရုံးစိုက်တာဖြစ်တဲ့အတွက် အသွားအလာ အခက်အခဲများရှိတာဖြစ်တဲ့အတွက် အချို့လုပ်ငန်းတွေဟာ ဝင်ရောက်ဖို့လို့ အစီအစဉ်ရှိပေမဲ့ မဝင်ရောက်သေးတာပဲဖြစ်ပါတယ်” ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောကြားသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၄ ဒသမ ၅၂ ဘီလျံ ဝင်ရောက်ခဲ့သည်။

**Source:** https://news-eleven.com/article/195785

## အိန္ဒိယ၏ ပဲတင်သွင်းမှု မူဝါဒအပြောင်းအလဲက ပဲကုန်သည်များသာမက တောင်သူများပါ အခက်တွေ့စေဟုဆို

အိန္ဒိယအစိုးရ၏ ပြည်ပမှ ပဲတင်သွင်းခြင်းနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများက မြန်မာနိုင်ငံရှိ ပဲကုန်သည်များသာမက စိုက်ပျိုးသူတောင်သူလယ် သမားများကိုပါ အခက်တွေ့စေသည်ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရက ၂၀၂၀ ဧပြီတွင် ပြည်ပမှ ပဲစင်းငုံတန်လေးသိန်းတင်သွင်းမည်ဟု ထုတ်ပြန်ကြေညာပြီးနောက် အောက်တိုဘာ ၁၃ ရက်တွင် ပဲတင်သွင်းရန်လိုင်စင်များကို အိန္ဒိယကုန်သည်များအား ချထားပေးသည်။ ထို့အပြင် ပဲစင်းငုံတင်သွင်းရန် အချိန်သတ်မှတ်ချက်ကိုလည်း နိုဝင်ဘာ ၁၅ ရက် နောက်ဆုံးသတ်မှတ်ထားသည်။

ဧပြီက ထုတ်ပြန်ထားသော ပဲစင်းငုံတန်လေးသိန်း တင်သွင်းခြင်းကို မူလက လာမည့် ၂၀၂၁ မတ်လကုန်အထိ ခွင့်ပြုပေးမည်ဟု ကြေညာခဲ့သော်လည်း အောက်တိုဘာ ၁၃ ရက် ထုတ်ပြန်ချက်တွင် အချိန်သတ်မှတ်ချက် ပြောင်းလဲခဲ့သည်။ “အိန္ဒိယအစိုးရက ပဲလိုအပ်ချက်ရှိရင်ရှိသလို ကုန်သည်တွေနဲ့ အဆင်ပြေရင် ပြေသလိုလုပ်နေတာပါ။ တိတိကျကျ မှန်းဖို့ခက်တယ်”ဟု ဦးမင်းကိုဦးက ပြောသည်။ ယခုနှစ်တွင် အိန္ဒိယနိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ပဲအထွက်နှုန်းကျဆင်းသဖြင့် ပြည်ပမှ ပဲတင်သွင်းခြင်း မူဝါဒကို အိန္ဒိယအစိုးရက အ ပြောင်းအလဲများ ပြုလုပ်ခဲ့သည်။

အိန္ဒိယအစိုးရသည် မတ်ပဲတန်လေးသိန်းကို သုံးလအတွင်း အပြီးတင်သွင်းရမည်ဟု ယခုနှစ်မေလတွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ထို့နောက် အိန္ဒိယတွင် မိုးရာသီ စိုက်ပျိုးသော မတ်ပဲ ပေါ်ထွက်ချိန်တွင် ပြည်ပမှ မတ်ပဲတန် တစ်သိန်းငါးသောင်းတင်သွင်းရန် ထပ်မံကြေညာချက် ထုတ်ပြန်သည်။ "ပဲနဲ့ပတ်သက်ပြီး မိုဒီအစိုးရက လိုသလိုကစားနေတာ။ အတော်သတိထားပြီးလုပ်မှရမယ်" ဟု တောင်တွင်းကြီး မြို့နယ်မှ ကုန်သည် ဦးကျော်မြင့်ထွန်းကပြောသည်။

လက်ရှိ အိန္ဒိယကုန်သည်များကို ပဲစင်းငုံတင်သွင်းရန် လိုင်စင်ချထားပေးသော်လည်း ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံတစ်တန် ကျပ် ၉၄၀,၀၀၀ ဝန်းကျင်ဈေးဖွင့်သည်။ ဈေးနှုန်းအပြောင်းအလဲ နည်းပါးသည်ဟု ပဲကုန်သည် အချို့က ပြောသည်။ ထို့အတူပြည်တွင်းဈေးကွက်တွင် မတ်ပဲ တစ်တန်လျှင် ကျပ် ၁,၁၅၀,၀၀၀ ဝန်းကျင် ဈေးဖွင့်သည်။ မကွေးတိုင်း အပါအဝင်မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် စိုက်ပျိုးသော ပဲစင်းငုံသည် လက်ရှိပြည်တွင်းတွင် တန်ချိန်ငါးသောင်းဝန်းကျင်သာ ကျန်ရှိကြောင်း ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရ၏ ပဲစင်းငုံ တင်သွင်းအချိန် ကန့်သတ်ချက်ကြောင့် လက်ကျန်ပဲစင်းငုံကို အကုန်ရောင်းချရန် အခက်အခဲရှိနိုင်သည်ဟု ၎င်းကဆိုသည်။

**Source: https://7day.news/detail?id=202480**

## မြဝတီ– မဲဆောက်ကုန်သွယ်ရေး ထိုင်းဘက်မှယာယီရပ်ဆိုင်းလိုက်

မြန်မာနိုင်ငံဘက်ခြမ်းတွင် ကိုဗစ်ရောဂါဖြစ်ပွားသူများပြားခြင်းနှင့် မဲဆောက်မြို့တွင် မြန်မာနိုင်ငံသား မိသားစုထံမှ ရောဂါပိုးတွေ့ရှိပြီးနောက် ထိုင်းနိုင်ငံက နှစ်နိုင်ငံကုန်သွယ်ရေးကို တပတ်ခန့် ယာယီရပ်ဆိုင်းလိုက်သည်။ ထိုင်း–မြန်မာ ချစ်ကြည်ရေးတံတားအမှတ် (၂)မှ ပြုလုပ်နေသည့် ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးအားလုံးကို အောက်တိုဘာလ ၁၈ ရက်နေ့ (ယနေ့ ညနေ ၃နာရီမှ) စ၍ အောက်တိုဘာ ၂၅ ရက်နေ့အထိ ယာယီရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်းက မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံသို့ ကုန်စည်များ သယ်ဆောင်ပေးနေသည့် ကုန်တင်ယာဉ်မောင်းတချို့တွင် ကိုဗစ်ရောဂါပိုး စတင်တွေ့ရှိခဲ့သလို၊ ထိုင်းနိုင်ငံမဲဆောက်မြို့တွင်နေထိုင်သည့် မြန်မာနိုင်ငံသားမိသားစုတွင် ကိုဗစ်ရောဂါပိုးတွေ့ပြီးနောက် ယခုကဲ့သို့ ကုန်သွယ်ရေးကို ယာယီရပ်ဆိုင်းလိုက်ဖြစ်သည်။ "အမှတ် ၂ တံတားကတော့ မပိတ်သေးဘူး၊ တနိုင်ငံတည်းက သဘောဆန္ဒနဲ့ ပိတ်လို့ရတာမဟုတ်ဘူး။ ဒါပေမယ့် ထိုင်းနိုင်ငံဘက်က သူ့ဘက်ကလုပ်လို့ရတဲ့ ကုန်သွယ်ရေးအပိုင်းတွေအားလုံးကို ယာယီကန့်သတ်လိုက်တာပါ" ဟု မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ရေဝတီသို့ ပြောသည်။ ၎င်းက ဆက်လက်၍ "တံတားပိတ်ဖို့ ဆိုတာက နှစ်နိုင်ငံဝန်ကြီးဌာနအချင်းချင်းတွေ ဆွေးနွေးညှိနှိုင်းရမယ့် ကိစ္စပါ။ ပြည်ထောင်စုအဆင့်ကို တင်ပြပြီး ဆုံးဖြတ်ချက်ရမှာဖြစ်ပါတယ်။ အခုက ဒေသတွင်း ကုန်သွယ်ရေးရယ် ပုံမှန်၊ နယ်စပ် ကုန်သွယ်ရေးတွေကို ယာယီကန့်သတ်တာ" ဟု ရှင်းပြသည်။

လက်ရှိအချိန်တွင် ကုန်သွယ်ရေးကိစ္စများကို ယာယီအကန့်သတ်များ လုပ်ဆောင်လိုက်သော်လည်း နှစ်နိုင်ငံမှ ပြည်တော်ပြန်များ အပြန်အလှန်စိစစ်လက်ခံခြင်းနှင့် COVID –19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ဆက်စပ်သည့် ကုန်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းများကို နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနအချင်းချင်း ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ ဦးတေဇာအောင်က " ကိုဗစ်နဲ့ပတ်သက်ရင်က ဘယ်ပေါ်လစီ မှန်တယ်မှားတယ်ဆိုတာကပြောရခက်ပါတယ်။ အားလုံးက အကောင်းဆုံးဖြစ်မယ့် မူဝါဒတွေနဲ့လိုက်ပြီးလုပ်နေရတာပေါ့" ဟု ပြောဆိုသည်။ ပြီးခဲ့သည့် အောက်တိုဘာ ၁၂ ရက်နေ့မှ စတင်ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးကို နယ်စပ်ကုန်သွယ်ရေး ထိန်းချုပ်မှုဇုန် (Border Control Facility – BCF) သို့သာ ဝင်ရောက်ခွင့်ပြုပြီး နှစ်နိုင်ငံကုန်တင်ယာဉ်များနှင့် ကုန်ပစ္စည်းလဲလှယ် တင်ဆောင်သည့် စနစ်ဖြင့်သာကုန်သွယ်ရန် ကန့်သတ်ထားခဲ့သည်။သို့သော် ထိုင်းနိုင်ငံသားတချို့က မဲဆောက်– မြဝတီ ဆက်သွယ်ထားသည့် အမှတ် ၂ ချစ်ကြည်ရေးတံတားကို ပိတ်ပစ်ရန်ဆန္ဒပြမှုများရှိခဲ့သည်။ ထို့နောက် မဲဆောက်မြို့လည် ထုံထောင်းရပ်ကွက်မှ မြန်မာနိုင်ငံသားမိသားစုထံတွင် ကိုဗစ်ရောဂါပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သဖြင့် ယမန်နေ့က အဆိုပါရပ်ကွက်ကို Lockdown ချပြီးနောက်တပ်ခ်ခရိုင် လက်ထောက်အုပ်ချုပ်ရေးမှူးမှ ထိုင်း–မြန်မာချစ်ကြည်ရေးတံတားကို ယာယီပိတ်ရန်ရှိကြောင်း သတင်းစာရှင်းလင်းပွဲလုပ်ကာဆိုခဲ့သည်။ ယခုအခါ နှစ်နိုင်ငံကုန်သွယ်မှုကို ကန့်သတ်မှုများထပ်တိုးလိုက်ခြင်းကြောင့်ကြောင့် ယာယီရပ်ဆိုင်းထားရမည့် အခြေအနေပင်ဖြစ်သည်။

မြဝတီနယ်စပ်ကုန်သွယ်ရေးသည် မြန်မာနိုင်ငံ၏ ဒုတိယကုန်သွယ်မှုအများဆုံးလုပ်ဆောင်သည့် ကုန်သွယ်ရေးစခန်းဖြစ်ပြီး ပုံမှန်ကာလတွင် ၁ ရက်လျှင် ကုန်စည်စီးဆင်းမှုသည် ကားအစီးရေ ၃၀၀ မှ ၅၀၀ ကြား ကုန်သွယ်လျက်ရှိသည်။ မြန်မာဘက် နိုင်ငံဘက်က လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ နှမ်း အပါအဝင် ရေထွက်ကုန် တချို့ကို တင်ပို့လျက် ရှိပြီး ထိုင်းနိုင်ငံဘက်က စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်သုံးဆီများအပါအဝင် ဆောက်လုပ်ရေးပစ္စည်းများ ပြန်လည်တင်သွင်းလျက်ရှိသည်။ စက်တင်ဘာလက မယ်ဆိုင်- တာချီလိတ် အမှတ် ၂ တံတားမှ ကုန်စည်ကူးသန်းသွားလာမှုနှင့် ပတ်သက်၍ ထိုင်းဘက်သို့ မြန်မာကားများ လာရောက်ခွင့်လျော့ချလိုက်သည့်အတွက် မြန်မာဘက်မှလည်း ထိုင်းကား ဝင်ရောက်ခွင့်ကို ဆတူလျော့ချခဲ့ရာ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်မည့်ကုန်စည်များ ကြန့်ကြာမှုများရှိလာသဖြင့် ထိုင်းနိုင်ငံဘက်မှ ပုံမှန်ဖြစ်လာစေရန် ဆွေးနွေးညှိနှိုင်းတောင်းဆိုမှုရှိခဲ့သည်။

**Source:** https://burma.irrawaddy.com/business/2020/10/18/231896.html

## အိန္ဒိယက မတ်ပဲအဝယ်ရှိ၍ ပြည်တွင်းမတ်ပဲဈေး တစ်တန်ကို ကျပ် ၈၅၀၀၀ ခန့် ဈေးမြင့်တက်



အိန္ဒိယက မတ်ပဲအဝယ်ရှိ၍ သုံးပတ်အတွင်း ပြည်တွင်း မတ်ပဲဈေးတစ်တန်လျှင် ကျပ် ၈၅၀၀၀ ခန့် ဈေးမြင့်တက် လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ စာရင်းများအရသိရသည်။ ပြီးခဲ့သည့် အောက်တိုဘာလ ၁ ရက်က ပဲဈေးကွက်အတွင်း မတ်ပဲ တစ်တန်လျှင် ၁၀၇၂၅၀၀ ခန့်သာ ရှိသော်လည်း အောက်တိုဘာ လ ၁၆ ရက်တွင် မတ်ပဲတစ်တန်လျှင် ၁၁၅၇၅၀၀ ခန့်မြင့်တက်ခဲ့ သောကြောင့် သုံးပတ်အတွင်း မတ်ပဲ တစ်တန်ကို ကျပ် ၈၅၀၀၀ ခန့် ဈေးမြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပဲလိုအပ်ချက်ရှိသောကြောင့် အောက်တိုဘာလ ၁ ရက်တွင် အိန္ဒိယနိုင်ငံ၏ စက်မှုနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန်တစ်သိန်းခွဲ ထပ်မံဝယ်ယူရန် အသိပေးစာ ထုတ်ပြန်ခဲ့သည်။ အဆိုပါ အသိပေးစာတွင် ပြည်ပမှ ပဲတင်သွင်းရန် အိန္ဒိယပဲကုမ္ပဏီများကို သွင်းကုန် လိုင်စင်များ အညီအမျှ ခွဲဝေချ ထားပေးမည်ဟု ဖော်ပြ ထားပြီး ပဲတင်သွင်းချိန်ကိုလည်း လာမည့် ၂၀၂၁ ခုနှစ်၊ မတ်လကုန်အထိ အချိန်ပေးထားသည်။

လက်ရှိ အိန္ဒိယနိုင်ငံတွင် မတ်ပဲအသစ်ပေါ်ချိန် ဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် မတ်ပဲအထွက်နှုန်း လျော့နည်းသဖြင့် ပြည်ပမှ မတ်ပဲထပ်မံတင်သွင်းရန် စီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြားပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတေးလျနိုင်ငံများလည်း စိုက်ပျိုးကြကြောင်းသိရသည်။

**Source:** http://www.fifthwavenews.com/fwn/55464

## ပြီးခဲ့သည့် ဘဏ္ဍာနှစ် ငါးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရရှိခဲ့

ပြီးခဲ့သည့် ဘဏ္ဍာနှစ် ငါးနှစ်အတွင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရရှိခဲ့သည်ဟု ရင်းနှီး မြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များတွင်ဖော်ပြထားသည်။ လက်ရှိ အစိုးရလက်ထက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် တိုင်းဒေသကြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့်ပေါင်း ၁၀၀၀ ကျော်ပေးခဲ့သည်။ အဆိုပါ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သောလုပ်ငန်းများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကျော်ရရှိခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် လေးနှစ်တာအတွင်းစိန်ခေါ်မှုများစွာရှိခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များစွာရရှိခဲ့ပြီး လာမည့်နှစ်များ တွင်လည်း အလားတူကဲ့သို့ ကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှုများမြင်တွေ့နိုင်ရန် မျှော်လင့်ထားသည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်

နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် သြစတြေးလျကုန်သည်များအသင်း(AustCham Myanmar)က ပြုလုပ်ခဲ့သည့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတွင်ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေ စေရေး အွန်လိုင်းစနစ်ဖြင့် ခွင့်ပြုမိန့်များ ပေးနိုင်ရန် ဆက်လက်ဆောင်ရွက်နေသည်ဟု ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ဆိုသည်။

**Source:** https://myanmar.mmtimes.com/news/145259.html

## ပင်းတယမြို့နယ်၌ လိမ္မော်သီးထွက်နှုန်းကောင်းသော်လည်း ကုန်စည်စီးဆင်းမှုမရှိ၍ တောင်သူများအခက်တွေ့နေ

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်း အချို့ကျေးရွာများတွင် စိုက်ပျိုးထားသည့် လိမ္မော်ခြံများမှ လိမ္မော်သီးများ လှိုင်လှိုင်ထွက်ရှိနေသော်လည်း ခူးဆွတ်ရောင်းချချိန်တွင် ကိုဗစ်-၁၉ ကာလ ကုန်စည်စီးဆင်းမှုမရှိသဖြင့် လိမ္မော်စိုက်တောင်သူများအနေဖြင့် ရောင်းချရန်အခက်အခဲများ ကြုံတွေ့နေရသည်။

လိမ္မော်သီးစိုက်ပျိုးထားသည့် တောင်သူတစ်ဦးက “ကျွန်တော်တို့က နှစ်စဉ်လိမ္မော်သီးတွေကို အရွယ်အစားအလိုက် တစ်ပိဿာကို ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ အထိဈေးနဲ့ တင်ပို့ရောင်းချရပါတယ်။ ဒီနှစ်မှာတော့ လိမ္မော်သီးတွေ ခူးဆွတ်ရောင်းချဖို့ အချိန်ကျနေပြီဖြစ်ပေမယ့် မှာယူသူအနည်းငယ်သာရှိပါတယ်။ လိမ္မော်သီး အထွက်နှုန်းများတဲ့ ဒီနှစ်မှာမှ အခုလိုကြုံတွေ့ရပြီး ဈေးက တစ်ပိဿာ ကျပ် ၁၅၀၀ ဆိုပေမယ့် ဝယ်သူကတော့ အနည်းငယ်ပဲရှိပါတယ်”ဟု ပြောသည်။

လိမ္မော်ပင် စိုက်ပျိုးရာတွင် စိုက်ပျိုးသည့်နှစ်မှ သုံးနှစ်ပြည့်သည့်အချိန်တွင် အသီးများကို စတင်ခူးဆွတ်ရပြီး လိမ္မော်ပင် တစ်ပင်ဖြစ်ရန်အတွက် ကုန်ကျစရိတ်အနေဖြင့် ငွေကျပ်ရှစ်သောင်းမှ တစ်သိန်းဝန်းကျင်အထိ ကုန်ကျကြောင်း၊ လိမ္မော်ပင်များ စိုက်ပျိုးပြီး ငါးနှစ်ကျော်၊ ခြောက်နှစ်သက်တမ်းရောက်မှ အသီးများလှိုင်လှိုင်သီးပြီး နှစ်စဉ်အောက်တိုဘာလမှ ဇန်နဝါရီလအထိ ခူးဆွတ်ရောင်းချရကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ဘရပ်ဆဲလ်ရှိ ဟိုတယ်များအတွက် ယူရို (၁၅.၈)သန်း အကူအညီကို အီးယူကော်မရှင်က အတည်ပြုခဲ့ခြင်း

ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းကြောင့် ထိခိုက်မှုရှိသည့် ဘရပ်ဆဲလ်ရှိ ဟိုတယ်များအား ကူညီပေးရန် ယူရို (၁၅.၈) သန်းတန်ဖိုးရှိ အကူအညီအစီအစဉ်တစ်ရပ်ကို ဥရောပကော်မရှင်က အတည်ပြုခဲ့ကြောင်းသိရသည်။ အဆိုပါ အစီအစဉ်တွင် ဟိုတယ်များ၊ aparthotels များအကျုံးဝင် မည်ဖြစ်ပြီး၊ ဟိုတယ်တစ်ခုလျှင် တိုက်ရိုက်အထောက်အပံ့အဖြစ် ယူရို (၂၀,၀၀၀) မှ ယူရို (၂၀၀,၀၀၀) အကြားရရှိမည်ဖြစ်သည်။ COVID-19 ကပ်ရောဂါဆိုင်ရာ ခရီးသွားလာမှုကန့်သတ်ချက်များကြောင့် ကမ္ဘာ့ ခရီးသွားများ သိသိသာသာကျဆင်းလျက်ရှိသဖြင့် ဟိုတယ်လုပ်ငန်းများထိခိုက်မှုရှိနေပြီး၊ ၎င်းလုပ်ငန်းများအနေဖြင့် သန့်ရှင်းရေး၊ စွမ်းအင်သုံးစွဲမှု၊ ငှါးရမ်းခနှင့် ဝန်ထမ်းများအတွက် အနည်းဆုံး လုပ်ခလစာကဲ့သို့သော ကုန်ကျစရိတ်များကိုမူ ပေးချေနေရခြင်း ဖြစ်သည်။

ဘရပ်ဆဲလ်ရှိ ဟိုတယ်များသည် ပုံမှန်အခြေအနေတွင် အီးယူရှိ နိုင်ငံတကာအဖွဲ့အစည်းများသို့လာရောက်သူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ခရီးသွားများတည်းခိုနေထိုင်မှုရှိပြီး၊ နွေရာသီကာလတွင် အခန်းငှားရမ်းရမှုနှုန်းထားသည် ၂၀ ရာခိုင်နှုန်းဝန်းကျင်ရှိကြောင်းသိရသည်။ အီးယူ၏ ယခုအထောက်အပံ့အစီအစဉ်သည် ဗိုင်းရပ်စ်ပျံ့နှံ့ကူးစက်မှုထိန်းချုပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံ အစိုးရများမှချမှတ်သည့် ကန့်သတ်ချက်အစီအမံများကြောင့် ဟိုတယ်လုပ်ငန်း/ကုမ္ပဏီများ ရင်ဆိုင်နေရသည့် ငွေကြေးအခက်အခဲကို လျော့ပါးသက်သာစေရန်နှင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းရပ်များ ဆက်လက်လည်ပတ်နိုင်စေရေးန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဥရောပကော်မရှင်က ဖော်ပြထားသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်**

## Suzuki Motor က ပလတ်စတစ်အမှုန်များကို ကောက်ယူနိုင်သည့် စက်အမျိုးအစားကို တီထွင်ခဲ့

ဂေဟာစနစ်ကို အန္တရာယ်ဖြစ်စေနိုင်သည့် သေးငယ်သော ပလတ်စတစ်အမှုန်အမွှားများ (micro-plastics) ကို ကောက်ယူစုဆောင်းနိုင်သည် outboard motor ရေယာဉ်ပဲ့ချိတ်မော်တာတစ်မျိုးကို တီထွင်လိုက်ကြောင်း ဂျပန်နိုင်ငံမှ မော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် Suzuki Motor က ကြေငြာခဲ့ပါသည်။

Suzuki Motor သည် စွန့်ပစ်ပလပ်စတစ်အမှိုက်များကြောင့် ကြုံတွေ့နေရသည့် ရေထုညစ်ညမ်းမှုပြဿနာကို ကိုင်တွယ်ဖြေရှင်းရန် လွန်ခဲ့သည့်နှစ်များစွာကတည်းက လေ့လာစမ်းသပ်မှုများ ဆောင်ရွက်နေခဲ့ခြင်းဖြစ်ပါသည်။ စက်ပစ္စည်းများ အအေးပေးရန် ရေတန်ချိန်ပေါင်းများစွာကို စုပ်ယူသည့် မော်တာစက်များကို အခြေခံကာ စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း Suzuki Motor က ပြောကြားခဲ့ပါသည်။

အမှိုက်များကို စစ်ထုတ်နိုင်ရန်အတွက် ရေပြန်ထုတ်သည့်နေရာတွင် အဆိုပါစက်ကို တပ်ဆင်ထားပြီး ရေယာဉ် ပြေးဆွဲလိုက်သည်နှင့် ရေမျက်နှာပြင်တဝိုက်ရှိ ပလတ်စတစ်အမှုန် အမွှားများကိုပါ စုပ်ယူနိုင်မည်ဖြစ်ကြောင်းသိရပါသည်။ Suzuki ကုမ္ပဏီမှ ဝန်ထမ်းများ သည် အောက်တိုဘာလ ပထမအပတ်အတွင်းက ရှီဇူအိုကာစီရင်စုဒေသရှိ ဟာမာနာရေကန် တွင် အဆိုပါစက်ကို စမ်းသပ်မောင်းနှင်ခဲ့ကြကြောင်း သိရပါသည်။ ပလပ်စတစ်အမှုန် အမွှားများအပြင် ရေညှိ၊ သဲနှင့် အခြားသော အရာများကိုပါ ၎င်းစက်က ကောက်ယူခဲ့ပါကြောင်း၊ ထိုစက်ကို လာမည့် ၂၀၂၁ခုနှစ်အတွင်း ဈေးကွက်တင် ရောင်းချရန် ပြင်ဆင်နေပါကြောင်း Suzuki ကုမ္ပဏီက ပြောကြားခဲ့ပါသည်။

စက်မှဖယ်ထုတ်လိုက်သည့် အမှိုက်သရိုက်များကို စွန့်ပစ်ရန် လိုအပ်သည်မှအပ ကျန်သည့်စက်ပိုင်းဆိုင်ရာ ဆောင်ရွက်မှု များသည် ပုံမှန်ပဲ့ချိတ်ရေယာဉ်များနှင့် ကွာခြားမှုမရှိကြောင်း၊ ထိုစက်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ် များတွင် အထောက်အကူပြုဆောင်ရွက်နိုင်ရန် မျှော်လင့်ထားကြောင်း ရေလုပ်ငန်းဆိုင်ရာ အကြီးအကဲ Osawa Yasuharu က ဆိုပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## COVID-19 ကြောင့် နယ်စပ်ဖြတ်ကျော်မှုများ ကန့်သတ်ထားမှုကြောင့် တရုတ်ပြည်မကြီးမှ ခရီးသွားဧည့်သည်များ လာရောက်မှုမရှိသောကြောင့် ဟောင်ကောင်ဒေသအတွက် ' golden week' အတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေဟောင်ကောင် ဒေါ်လာ (၂) ဘီလီယံကျော်ဆုံးရှုံးခဲ့ခြင်း

COVID-19 ကြောင့် ဟောင်ကောင်ဒေသ၏ ခရီးသွားလုပ်ငန်းများကျဆင်းလျှက်ရှိရာ 'golden week' (၄) ရက်တာ ကာလအတွင်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေအနည်းဆုံး ဟောင်ကောင် ဒေါ်လာ (၂.၂၆) ဘီလီယံကျော် အမေရိကန်ဒေါ်လာ (၂၉၂) မီလီယံဆုံးရှုံးခဲ့ကြောင်း၊ နှစ်စဉ်အားလပ်ရက်များကြောင့် ခရီးသွားများ၂၀၁၉ ခုနှစ်က အစိုးရဆန့်ကျင် ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီး လာရောက်သည့် ခရီးသွားဦးရေ (၅၆၆,၀၀၀) ဦးရှိခဲ့မှုနှင့် နှိုင်းယှဉ်ရာတွင် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှ (၄) ရက်နေ့အတွင်း ခရီးသွားဧည့်သည်လာရောက်မှု (၉၁၈) ဦး သာရှိခဲ့ရာ ခရီးသွားများလာရောက်မှု ကျဆင်းခဲ့ကြောင်း၊ COVID-19 ကြောင့် ခရီးသွားလာမှုများ ကန့်သတ်ချက်များကြောင့် စီးပွားရေးလုပ်ငန်းများ အများဆုံး လုပ်ငန်းလုပ်ကိုင်နိုင်သည့်ကာလ ဖြစ်သည့် တရုတ်ပြည်မကြီးမှ ခရီးသွားများအများဆုံး လာရောက်မှုမရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ Mid-Autumn Festival ကာလအတွင်း အားလပ်ရက် (၈) ရက်ရှိခဲ့သော်လည်း COVID-19 ကြောင့် ခရီးသွားလာမှုများ ကန့်သတ်ချက်များကြောင့် ခရီးသွားဧည့်သည်များ လာရောက်မှုလျော့ကျကာခရီးသွားလုပ်ငန်းမှ ဝင်ငွေများလျော့ကျခဲ့ကြောင်း၊ဟောင်ကောင်ဒေသသို့ ဝင်ရောက်လာသူများအနေဖြင့် အသွားအလာ ကန့်သတ်စောင့်ကြည့်မှု (၁၄) ရက် နေထိုင်ရမည်ဖြစ်ရာ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းများ၊ လက်လီအရောင်းဆိုင်လုပ်ငန်းများနှင့် စားသောက်ဆိုင်လုပ်ငန်းများကို ပြင်းထန်စွာ ထိခိုက်လျှက်ရှိကြောင်းနှင့် ရောင်းချရမှုများမှာ ဒေသခံနေထိုင်သူများအပေါ်မှီခိုနေရကြောင်း၊အားလပ်ရက်များတွင် ပြည်ပသို့ သွားရောက်၍ အပန်းဖြေခရီး သွားရောက်လေ့ရှိသည့်ဟောင်ကောင်ဒေသခံများမှာ ဟောင်ကောင် ၌သာ နေထိုင်ကြရာ ဟိုတယ်များ ငှားရမ်းရမှုမှာ (၉၀) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အချို့သော ဟိုတယ်များမှာ အသွားအလာ ကန့်သတ်စောင့်ကြည့်မှု များနှင့် ယာယီနေထိုင်ရန်ငှားရမ်းမှုကြောင့် ငှားရမ်းရမှုနှုန်းမှာ (၅၀) မှ (၆၀) ရာခိုင်နှုန်းကြားရှိကြောင်း၊ သို့သော် တရုတ်

ပြည်မကြီးမှ လာရောက်မှုမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း (၉၂) ရာခိုင်နှုန်း ကျဆင်းခဲ့ ကြောင်း၊ စားသောက်ကုန်လုပ်ငန်းကဏ္ဍတွင်ခရီးသွားဧည့်သည့်များလာရောက်မှုမှ (၈) ရာခိုင်နှုန်း သာရှိပြီး ပြည်တွင်းစားသုံးမှုအပေါ်သာ မှီခိုနေရသောကြောင့် ၂၀၁၉ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် (၂၅) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယခုကာလအတွင်း လူအချင်းချင်း ခပ်ခွာခွာနေထိုင်ရန် စည်းမျဉ်း ဥပဒေများကြောင့် စားသောက်ကုန်ကဏ္ဍမှ ဝင်ငွေများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း၊ ဟောင်ကောင် ဒေသခံများမှာလည်း ပင်လယ်ကမ်းခြေများနှင့် ခြေလျင်တောင်တက်ရန် သွားရောက်ခြင်းတို့ကြောင့် ‘golden week’ ကာလအတွင်း စားသောက်ကုန်လုပ်ငန်းများ၏ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်ခြင်းမရှိကြောင်း၊ လုပ်ငန်းများအနေဖြင့် အမြတ်ရရှိရေးထက် ၎င်းတို့၏ဝန်ထမ်းများကို ဆက်လက်ထိန်းသိမ်းထားရန် ရည်ရွယ်ကြောင်း၊ ယခုရက်ပိုင်းအတွင်း ဟောင်ကောင်၌ လူအချင်းချင်းခပ်ခွာခွာနေထိုင်ရန် ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်းကြောင့် ဒေသတွင်း ဈေးကွက်အခြေအနေနှင့် ဈေးအရောင်းစင်တာများတွင် လာရောက်သူများ အနည်းငယ်တိုးတက်မှုရှိခဲ့ကြောင်း၊ နိုင်ငံတကာ ခရီးသွားလာမှု ကန့်သတ်ချက်များကြောင့် ဇိမ်ခံပစ္စည်းများအား ဝယ်ယူမှုနည်းပါးပြီး ဒေသတွင်းမှ ဝယ်လိုအားမှာလည်း တည်ငြိမ်လျှက်ရှိကြောင်း၊ ဇိမ်ခံပစ္စည်းကုန်အမှတ်တံဆိပ်ပစ္စည်းများ ရောင်းဝယ်မှုမှာ ဟောင်ကောင်ဒေသမှ တရုတ်နိုင်ငံ၏ တောင်ပိုင်းဒေသရှိ တစ်ခြားဒေသများ၊ ကွမ်ကျိုး၊ ရှန်းကျန့်နှင့်ဟိုင်းနန်ကျွန်းများသို့ ရွှေ့ပြောင်းသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်းတွင် ဈေးအရောင်းဝယ်စင်တာ (၃) ခုဖြစ် သည့် Olympic City ၊ Citywalk in Tsuen Wan နှင့် Tuen Mun Town Plaza တို့တွင်ရောင်းချမှု (၃၀) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Cannix Yau က “Hong Kong suffers more than HK$ 2 billion in lost tourism revenue for ‘golden week’ , as COVID–19 border curbs keep mainland Chinese visitors away” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

Source: **စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဟောင်ကောင်**

## STOCK EXCHANGE (19.10.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 19th Oct. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 9,900 | 10,000 | 9,900 | 227 | 2,248,500 | 27,112,747 | 271,127 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 5,235 | 19,119,400 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 45 | 360,000 | 10,400,986 | 83,208 |
| FPB | 00004 | 22,000 | +0 | +0.00% | 22,000 | 22,000 | 22,000 | 54 | 1,188,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,750 | 1,810 | 4,977,850 | 12,823,224 | 35,905 |
| EFR | 00006 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 238 | 737,800 | 19,977,223 | 61,929 |

## Market summary

As of 19th Oct. 2020

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 437.24 | +0.00 | +0.00% | 435.42 | 437.24 | 434.11 | 7,609 | 28,631,550 | 6 | 650,592 |

### Index chart




Activate W
Go to Settings

# Market Overview

As of 12:30 pm, 19th Oct. 2020

| MYANPIX | 435.93 ▼ 1.31 |
|---|---|
| Total Volume (shares) | 7,512 |
| Total Value (MMK) | 28 mil |
| Listed Company | 6 |
| Market Cap. (MMK) | 648,645 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,650 | ▼ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 22,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 0 |

Activate W
Go to Settings